## ပရမတ္ထတရား မှတ်ခြင်းနည်း

၁။ လက္ခဏာ = အမှတ်အသား လက္ခဏာ

(က) သာမည လက္ခဏာ = အနိစ္စ လက္ခဏာ၊ ဒုက္ခ၊ အနတ္တလက္ခဏာ

(ခ) သဘာဝလက္ခဏာ = ကိုယ်ပိုင်အမှတ်အသား (သီးခြား လက္ခဏာ)

စိတ် = အာရုံကို သိခြင်း။ ဖဿ = အာရုံကို တွေ့ထိခြင်း။ လောဘစိတ် = မက်မှု ပျော်မှု

(၂) ရသ =

(က) ကိစ္စရသ = ပရမတ္ထတရား တို့၏ ကိုယ်ပိုင်ပြုမှု ဆောင်ရွက်သော လုပ်ငန်း (ကိစ္စ)

မောဟ = အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ထားခြင်း ကိစ္စရှိ၏

ဒေါသ = မိမိဖြစ်ရာ ပုဂ္ဂိုလ်နှင့် ဟဒယဝတ္ထုရုပ်တို့ကို လောင်ကျွမ်းစေခြင်း ကိစ္စရှိ၏၊

(ခ) သမ္ပတ္တိရသ = အကြောင်းစုံလာသဖြင့် ဖြစ်ပေါ်လာခြင်း၊

မောဟ = အာရုံကို ထိုးထွင်း၍ မသိခြင်း သမ္ပတ္တိရသရှိ၏

ဒေါသကြောင့် ခြေတုန် လက်တုန်၊ အသံတုန်ခြင်း၊ မျက်နှာ နီမြန်း ကြမ်းတမ်း လာခြင်း တို့သည် ဒေါသစေတသိက်၏ သမ္ပတ္တိရသ ဖြစ်၏

(၃) ပစ္စုပဋ္ဌာန် = ကိစ္စရသကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား

(ဉာဏ်ထဲတွင် ထင်မြင်လာသော သဘောခြင်းရာ)

မောဟ = အာရုံ၏ သဘောမှန်ကို မသိ၍ ကောင်းမှန် ဆိုးမှန်ကွာ မကျင့်နိုင်ခြင်း။

အမှောင်တရား ဟုလည်း ထင်မြင်

ဒေါသ = မိမိနှင့် သူတပါး တို့ကို ဖျက်ဆီး တတ်သည့် တရား ဟု ဉာဏ်ထဲတွင် ထင်မြင်

(၄) ပဒဋ္ဌာန် = အနီးကပ်ဆုံး အကြောင်းတရား

အကျိုးတရား တစ်ခု ဖြစ်ပေါ်လာရာတွင် အကြောင်းတစ်ခုသာ ရှိသည် မဟုတ်၊

အကြောင်း ပေါင်း များစွာ ရှိ၏။

ဒေါသ ဖြစ်ကြောင်း တရား များ

(က) အနိဋ္ဌာရုံနှင့် တွေ့ဆုံရခြင်း

(ခ) အယောနိသော မနသိကာရ ရှိခြင်း

ထိုနှစ်ခုတို့တွင် အနိဋ္ဌာရုံနှင့် ကြုံတွေ့နေရသော်လည်း ယောနိသော မနသိကာရရှိလျှင် ဒေါသ မဖြစ်ပါ၊ ထို့ကြောင့် အယောနိသော မနသိကာရ သည်သာ ဒေါသ၏ နီးကပ်သော အကြောင်း ဖြစ်၏

## စိတ်

(၁) လက္ခဏာ= အာရုံကို သိခြင်း - အာရုံကို ရယူခြင်းသဘော

(၂) ရသ= အာရုံကို သိဖို့ ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း ကိစ္စ

(၃) ပစ္စုပဋ္ဌာန်= စိတ်အစဉ်အဆက် မပြတ်ရအောင် နောက်နောက်စိတ်ကို
ဖွဲ့စပ်တတ်သော သဘောတရား

(၄) ပဒဋ္ဌာန်= နာမ် ရုပ် (အာရုံမဟုတ် အကြောင်း-နာမ်)

## ဝေဒနာ

(၁) လက္ခဏာ= အာရုံကို တွေ့ထိခြင်း

(၂) ရသ= အာရုံ- ဝိညာဏ်ကို ထိခိုက်ခြင်း ကိစ္စ
အာရုံနှင့် ဝိညာဏ်ကို ဆက်စပ်ပေးခြင်း ကိစ္စ
ဝတ္ထု အာရုံ တို့၏ ပေါင်းဆုံခြင်း သမ္ပတ္တိ

(၃) ပစ္စုပဋ္ဌာန်= ဝတ္ထု၊ အာရုံ၊ ဝိညာဏ် တို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသောတရား

(၄) ထင်ခြင်းသို့ ရောက်ရှိလာသော အာရုံ

## ပထဝီဓာတ်

(၁) လက္ခဏာ= မာခြင်း (တောင့်တင်း) (၂) ရသ= မိမိမှ ကျန်သော ကလာပ်တူ ရုပ်တရား
တို့၏ တည်ရာ ဖြစ်ခြင်း ကိစ္စ (၃) ပစ္စုပဋ္ဌာန်= မိမိမှ ကျန်သော ကလာပ်တူ ရုပ်တရား
တို့ကို အောက်ကခံထားသော သဘောဟု ယောဂီ၏ ဉာဏ်၌ ထင်

(၄) ပဒဋ္ဌာန်= မိမိမှ ကျန်သော ကလာပ်ဓာတ် (၃) ပါး ဖြင့် နီးကွာသော အကြောင်းတည်း

## အာပေါဓာတ်

(၁) လက္ခဏာ= ယိုစီးခြင်း (၂) ရသ= အတူဖြစ်သော ရုပ်တရား တို့ကို တိုးပွားစေခြင်း

(၃) ပစ္စုပဋ္ဌာန်= ကလာပ်တူ ရုပ်တရား တို့ကို ဖွဲ့စည်းခြင်း သဘောတရား —

(၄) ပဒဋ္ဌာန်= မိမိမှ ကျန်သော ကလာပ်တူ ဓာတ် (၃) ပါး ဖြင့် နီးကွာသော အကြောင်းတည်း

## တေဇောဓာတ်

(၁) လက္ခဏာ= ပူမှု (အေးမှု) (၂) ရသ= ကလာပ်တူ ရုပ်တို့ကို ရင့်ကျက်စေခြင်း

(၃) ပစ္စုပဋ္ဌာန်= ကလာပ်တူ ရုပ်တရား တို့ကို နူးညံ့အောင် ဖျော့ကွာ ပြုပြင်ပေးတတ်
သောသဘောဟု ဉာဏ်၌ ထင် (၄) ပဒဋ္ဌာန်= မိမိမှ ကျန်သော —

## ဝါယောဓာတ်

(၁) လက္ခဏာ = ထောက်ကန်မှု ဆောင့်တင်းမှု

(၂) ရသ = တွန်းကန်ခြင်း = ရွေ့လျားစေခြင်း

(၃) ပစ္စုပဋ္ဌာန် = အတူဖြစ်သော ရုပ်တရားတို့ကို တနေရာမှ တနေရာသို့ သယ်ဆောင်ပေးတတ်သော သဘောတရား ဟု ဉာဏ်၌ထင်

(၄) ပဒဋ္ဌာန် = မိမိမှ ကြွင်းသော ကလာပ်တူ ဓာတ် (၃) ပါး လျှင် နီးစွာသော အကြောင်းရင်း

## လက္ခဏာ (၃) ပါး သိအောင်ရှု

(၁) သဘာဝလက္ခဏာ

(က) ရုပ်သဘာဝလက္ခဏာ၊ နာမ်သဘာဝလက္ခဏာ

(ခ) ကြောင်းကျိုး သဘာဝ

(၂) သာမညလက္ခဏာ = အနိစ္စ၊ ဒုက္ခ၊ အနတ္တ

(၃) သင်္ခတလက္ခဏာ = ဥပါဒ် ၊ ဌီ ၊ ဘင်

ဖြစ် ၊ တည် ၊ ပျက်

စ ၊ လယ် ၊ ဆုံး